မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

May 22, 2026 | Volume 102 , Number 15

**၂၂. ၅. ၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၈.၀၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၁.၅၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၁၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၈.၇၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ၁/၂၀၂၆ ကြိမ်မြောက်အစည်းအဝေး ကျင်းပ

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ ၁/၂၀၂၆ ကြိမ်မြောက် အစည်းအဝေးကို၂၀၂၆ ခုနှစ် ၊မေလ ၂၁ ရက်နေ့တွင် ရုံးအမှတ် ၃ ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ- ၂ ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ အစိုးရ -ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးထွန်းအုံ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် အစိုးရ -ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဖွင့်အမှာစကား ပြောကြားခဲ့ရာ အစိုးရသစ်ကာလ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ မန္တလေးငလျင်ကြီးကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အမြောက်အမြားတင်သွင်းရခြင်းနှင့် ကမ္ဘာနှင့်တစ်ဝှန်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် သွင်းကုန်တန်ဖိုးမြင့်တက်ခဲ့ပြီး ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုလိုငွေ မဖြစ်စေရန်အတွက် နိုင်ငံတော်က သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် အဆိုပါထုတ်ကုန်များကို အများဆုံးထုတ်လုပ်နေသည့် MSMEs လုပ်ငန်းများကို အထူးအလေးထား အားပေးမြှင့်တင်ရန် အဓိကထားဆောင်ရွက်နေကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ကို အကောင်အထည်ဖော်ရန်အတွက် ဦးစားပေးကဏ္ဍ ၁၄ ခုနှင့် အထောက်အကူပြုကဏ္ဍ ၅ ခု၊ စုစုပေါင်းကဏ္ဍ ၁၉ ခုရွေးချယ်ထားပြီး ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂/၂၀၂၆ ကြိမ်မြောက်အစည်းအဝေးမှ အတည်ပြုပြီးဖြစ်ကြောင်း၊ကဏ္ဍ ၁၉ ခုအတွက် လုပ်ငန်းစီမံချက်များကိုရေးဆွဲအတည်ပြုပြီးပါက စီမံချက်ပါ လုပ်ငန်းစဉ်များကို နိုင်ငံတော်မှချမှတ်ထားသည့် ဦးတည်ချက်များနှင့်ဟန်ချက်ညီစွာအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အမှာစကားပြော

ကြားခဲ့ပြီး၊ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ အတွင်းရေးမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ ၃/၂၀၂၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အကျဉ်းချုပ်ရှင်းလင်း တင်ပြခဲ့သည်။

ဆက်လက်၍ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြမှုများအပေါ် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌက ပို့ကုန်ဖွံ့ဖြိုး တိုးတက်ရေးနှင့်ကုန်သွယ်မှုမြှင့်တင်ရေးကိုရှေးရှုပြီး ပြန်လည်ဆွေးနွေးလမ်းညွှန်မှာကြားကာ အစည်းအဝေးကို ၁၅ : ၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့သည်။

**Source :** https://myantrade.gov.mm/

## ဗားကရာကုန်စည်ဒိုင်ရှိ ငှက်ပျောသီးဈေးကွက် အရောင်းအဝယ်အေးနေ




ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာကုန်စည်ဒိုင်ရှိ ငှက်ပျောသီး ဈေးကွက်မှာ အရောင်းအဝယ်အေးနေတယ်လို့ ငှက်ပျောသီး လက်လီ၊ လက်ကား ရောင်းချနေသူတွေက ပြောပါတယ်။

အခုလက်ရှိကာလဟာ ဘုရားကန်တော့ပွဲ၊ ပွဲထိုးတာတွေ၊ နတ်ကန်တော့ပွဲအတွက် ပွဲတင်တာတွေ နည်းပါးတဲ့အတွက် အရောင်းအဝယ်အေးနေတာလို့ ဆိုပါတယ်။

လက်ရှိမှာတော့ ငှက်ပျောသီးဈေးနှုန်းဟာ တစ်ဖီးကို ကျပ် ၅၀၀ လောက် ဈေးကျနေသလို ငှက်ပျောသီးအဝင်နည်းရင် ဈေးတက်ကာ အဝင်များရင် ဈေးကျတာကြောင့် ငှက်ပျောသီး အဝင်အထွက်ပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားတယ်လို့ "ရန်ကုန်သား" ငှက်ပျောသီးအရောင်းဆိုင်ရဲ့ အရောင်းစာရေးဖြစ်သူက ပြောပါတယ်။

ငှက်ပျောသီးတွေကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ကနေ အဓိကဝယ်ယူကြပြီး ဖီးကြမ်းငှက်ပျောသီး တစ်ဖီးဈေးနှုန်းဟာ အမြင့်ဆုံး ၅၀၀၀ ကျပ်ကနေ အနိမ့်ဆုံး ၁၇၀၀ ကျပ်၊ သီးမွှေးတစ်ဖီးကို အမြင့်ဆုံး ၆၀၀၀ ကျပ်ကနေ အနိမ့်ဆုံး ၂၀၀၀ ကျပ်အထိရှိကာ ရခိုင်ငှက်ပျောသီးနဲ့ငှက်ပျောချဉ်စတာတွေလည်း ဈေးနှုန်းအမျိုးအစားအလိုက် ရှိကြတယ်လို့ ဆိုပါတယ်။

သင်္ကြန်အပြီးကာလကနေ လက်ရှိအချိန်အထိ ငှက်ပျောသီးဈေးကွက်မှာ တည်ငြိမ်နေသလို ဆက်လက်ပြီးလည်း ဈေးကွက်တည်ငြိမ်နေမှာဖြစ်တယ်လို့ ဝင်းသစ္စာ အုန်း၊ ငှက်ပျောသီးအရောင်းဆိုင်ရဲ့ ပိုင်ရှင်ဖြစ်သူက ပြောပါတယ်။

ဗားကရာကုန်စည်ဒိုင်ရှိ အုန်း၊ ငှက်ပျောသီးဆိုင်တွေကို ၂၄ နာရီအချိန်ပြည့် ဖွင့်လှစ်ပေးထားပြီး **နံနက် ၄ နာရီကနေ နံနက် ၉** နာရီခွဲဝန်းကျင်နဲ့ ညနေ ၄ နာရီကနေ ည ၇ နာရီလောက်အချိန်တွေမှာ အရောင်းအဝယ်ဖြစ်ကြသလို ဝါထွက်ကာလနဲ့ ပွဲတော်ရှိတဲ့ကာလတွေမှာ အရောင်းအဝယ် ပိုဖြစ်ကြတယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## မအူပင်မြို့နယ် တံခွန်တိုင်ကျေးရွာတွင် စိုက်ပျိုးသော ခဝဲသီးနှံ စိုက်ပျိုးထွက်ရှိမှု



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်သည် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ တစ်နှစ်ပတ်လုံး စိုက်ပျိုး၍ရသော စပါး၊ ပဲ၊ ပြောင်းသီးနှံများအပြင် စားဖိုဆောင်သီးနှံများဖြစ်သော ငရုတ်၊ ဟင်းသီးဟင်းရွက်သီးနှံစုံများကိုလည်း စိုက်ပျိုးလျက်ရှိသည်။

၎င်းသီးနှံများအနက် ခဝဲသီးနှံကိုလည်း တောင်သူများမှ တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ခဝဲသီးစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ခဝဲပုမျိုးနှင့် ခဝဲရှည်မျိုး ဟူ၍ ၂ မျိုးရှိကြောင်း၊ ခဝဲပုမျိုးသည် ဗမာမျိုးဖြစ်ပြီး ထိုင်ဝမ် ခဝဲသီးနှံကိုလည်းစိုက်ပျိုးကြောင်း၊ အများဆုံးစိုက်ပျိုးသောမျိုးမှာ ခဝဲရှည်မျိုးဖြစ်ပြီး စိုက်ပျိုးရာတွင် စင်ခံ၍ စိုက်ပျိုးရကြောင်း၊ တစ်ဧကမျိုး စိုက်ပျိုးမှုအနေဖြင့် ၈ ထုပ်ကုန်ကျကြောင်း၊ မျိုးတစ်ထုပ် ဈေးနှုန်းအနေဖြင့် ၁၂,၀၀၀-၁၅,၀၀၀ ကျပ်အထိ ဝယ်ယူစိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ တိုင်ထောင်ဝါးများအပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် သိန်း ၅၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ရက် ၅၀ ခန့်တွင် ရောင်းတန်းဝင် အသီးများရရှိကြောင်း၊ ခဝဲသီး အလုံး ၁၀၀ လျှင် ငွေကျပ် ၄၀,၀၀၀ ကျပ်ခန့် လက်ကားရောင်းချပြီး တစ်ဧကထွက်ရှိမှုမှာ အလုံးရေ ၂၅၀၀ ခန့်ထွက်ရှိကြောင်း၊ ခဝဲစိုက်ပျိုးချိန်မှာ မိုးတွင်းကာလဖြစ်သော မေလတွင်စတင်စိုက်ပျိုး၍ ဇွန်လကုန်ပိုင်းတွင်ထွက်ရှိနိုင်ကြောင်း၊ယခုထွက်ရှိမှုမှာယခင်နှစ်ကထွက်ရှိမှုနှင့် တွက်ချက်ထားပြီး စိုက်ပျိုးစရိတ်ဖြင့် တစ်ဧက၏ အကျိုးအမြတ် ၅ သိန်းခန့်ကျန်ရှိကြောင်း ယခင်နှစ်ထက် အကျိုးအမြတ်ပိုမိုရရှိနိုင်ကြောင်း အနိမ့်ဆုံးဈေးဖြင့် ခန့်မှန်းတွက်ချက်ထားကြောင်းကို တံခွန်တိုင်ကျေးရွာမှ ခဝဲသီးစိုက်ပျိုးသူတစ်ဦးထံက သိရသည်။

**Source: DOCA(ဧရာဝတီ)**

## ပန်းဈေးကျဆင်းမှုကြောင့် တောင်သူများအခက်တွေ့သော်လည်း လက်လီဈေးကွက်၌ ဈေးမြင့်တက်မှုများဖြစ်နေ



ပန်းဈေးနှုန်းများကျဆင်းလာမှုကြောင့် ပန်းစိုက်ပျိုးသော တောင်သူများအနေဖြင့် စီးပွားရေး တွက်ခြေမကိုက်မှုများရင်ဆိုင်နေရသော်လည်း လက်လီဈေးကွက်အတွင်း၌ ဈေးမြင့်တက်မှုများ ကြုံနေဆဲဖြစ်ကြောင်း ပန်းစိုက်တောင်သူများထံမှသိရသည်။

သယ်ယူစရိတ်မြင့်မားမှုကို အကြောင်းပြ၍ ကုန်သည်များမှာ ခြံဖြတ်ဈေးနှုန်းများလျှော့ချလာသည့်အတွက်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ပြန်လည်ရရှိရန်ပင် ခက်ခဲနေခြင်းဖြစ်လာခဲ့သည်။

"ဒီဇယ်ကဝယ်လို့မရ၊ အပင်အားဆေးဖိုးတွေက မြင့်ရတဲ့အထဲ အခုလိုခြံဖြတ်ဈေးတွေကျသွားတော့ တောင်သူတွေအတွက်ကတော့ ခက်ခဲတာပေါ့၊ အခုပန်းရာသီကတော့ မရှုံးဖို့ဘဲကြိုးစားနေရတယ်" ဟု ပြင်ဦးလွင်မြို့နယ်၊ ကျွဲနားထောက်ကျေးရွာမှ ပန်းစိုက်တောင်သူတစ်ဦးကပြောသည်။

လက်ရှိအချိန်တွင် လက်ဆုပ်စည်းပန်းတစ်စည်းလျှင် ခြံဖြတ်ဈေး ၁၅၀၀ကျပ် ဝန်းကျင်သာရရှိနေပြီး အဆိုပါဈေးနှုန်းမှာ စက်သုံးဆီဈေးနှုန်းများ ကမောက်ကမ ဖြစ်မှုမတိုင်မီကထက် ပိုမိုနည်းပါးလျက်ရှိကြောင်း တောင်သူများကဆိုကြသည်။

ခြံဖြတ်ဈေးနှုန်းများလျော့နည်းကျဆင်းလျက်ရှိသော်လည်း မန္တလေးလက်လီပန်းဈေးကွက်အတွင်းတွင်မူ ဈေးနှုန်းများဆက်လက်မြင့်တက်လျက်ရှိပြီး လက်ဆုပ်စည်းတစ်စည်းလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀ အထိရှိနေကြောင်း သိရသည်။

TIR

ရန်ကုန်ပန်းဈေးကွက်အတွင်း၌လည်း ပန်းဈေးများဆက်တိုက်မြင့်တက်နေခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း စံပြဈေးပန်းတန်းမှ ပန်းကုန်သည်များကပြောသည်။

“ဘုရားပန်းက အခါကြီးရက်ကြီးတွေမှာပဲရောင်းကောင်းတော့တယ်တခြားရက်တွေဆိုရင် ဝယ်လိုအားကထက်ဝက်လောက် လျော့သွားတယ်၊ ပြည်တွင်းကပန်းတွေကိုပဲ အဓိကထားရောင်းနေရတာ နိုင်ငံခြားဖြစ်ပန်းတွေက အဝင်နည်းတော့ လက်လီဈေးကွက်ထဲမှာ ဈေးကြီးပါတယ်၊ ရန်ကုန်ပန်းဈေးကွက်ကတော့ အထက်မြန်မာပြည်ကလာတဲ့ပန်းတွေကိုပဲ အဓိကရောင်းချနေရပါတယ်”ဟုဎင်းကပြောသည်။

ရန်ကုန်ပန်းဈေးကွက်အတွင်းတွင် လက်ဆုပ်စည်းတစ်စည်းလျှင် တစ်သောင်းကျော်ခန့်အထိ ပေါက်ဈေးရှိနေပြီး စက်သုံးဆီဈေးအပေါ်မူတည်ကာ ပန်းဈေးများ မြင့်တက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အလှဆင်ပန်းနှင့် ဘုရားပန်းများကို ပြင်ဦးလွင်မြို့တွင် အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း စိုက်ပျိုးလေ့ရှိကြသည်။

Source : https://www.npnewsmm.com/

## မုံရွာမြို့နယ်ရှိ ကွမ်းဈေးနှုန်းဈေးကွက်အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အောင်သာကျေးရွာတွင် ကွမ်းကို တစ်နိုင်တစ်ပိုင်အနေဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြပြီး မိုးစိုက်နှင့်ဆောင်းစိုက်ဟူ၍ စိုက်ပျိုးကြရာ မိုးစိုက်မှာ ပိုးကျလွယ်ပြီး ပျက်စီးဆုံးရှုံးမှုများသဖြင့် ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကွမ်းကိုစိုက်ပျိုးရန်အတွက် ကွမ်းမျိုးဖြစ်သည့် ကွမ်းညွန့် တစ်ညွန့်လျှင် လက်ကားဈေး ငွေကျပ် ၅၀၀ ကျပ်ခန့်ဖြင့် ဝယ်ယူကာ တစ်ဧက၏ နှစ်ပုံတစ်ပုံခန့် သုည ဒသမ ၅ ဧက အကျယ်ရှိ ကွမ်းခြံ၌ ကွမ်းအညွန့် ၁၀၀၀–၁၁၀၀ ခန့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ကွမ်းနုဝါမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ကွမ်းကို စိုက်ပျိုးပြီး ၅–၆ လခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး နေရာဒေသ၊မြေအနေအထားနှင့် ကွမ်းမျိုးကောင်းမျိုးသန့်အပေါ်မူတည်၍ ၃ နှစ်မှ ၅ နှစ်အထိ ခူးဆွတ်ရရှိနိုင်ကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧက၏ နှစ်ပုံတစ်ပုံခန့် သုည ဒသမ ၅ ဧက လျှင် ငွေကျပ် ၇၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကွမ်းရွက်ကို ၁၀ ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ် ခူးဆွတ်လျှင် ၂၀–၂၅ ပိဿာခန့်ထွက်ရှိ၍ တစ်လလျှင်ပိဿာချိန် ၅၀ – ၅၅ ခန့် ထွက်ရှိရာကွမ်းပင်များ ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် မေလတတိယအပတ်တွင် လက်ကားဈေး ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀–၉၀၀၀ နှုန်းဖြင့်ရောင်းချလျက်ရှိပြီး ယခင် မေလ ပထမအပတ်နှင့် နှိုင်းယှဉ်လျှင် ၁၀၀၀ ကျပ် ဈေးနှုန်းမြင့်တက်ကြောင်း၊ တစ်လဝင်ငွေ ကျပ် ၄၂၅,၀၀၀ ရရှိကြောင်း၊ ကွမ်းဈေး အတက်အကျ ပေါ်မူတည်၍ အပတ်စဉ်၊ လစဉ်ဝင်ငွေရရှိပြီး မုံရွာမြို့ပေါ်ရှိ ကွမ်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ မိုးရာသီ ရောက်ရှိလာသည်ဖြစ်၍ ကွမ်းများရွက်ခြောက်ပိုးများကျလာသဖြင့် အထွက်နှုန်းနည်းသွားကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**Source : DOCA (စစ်ကိုင်း)**

## ကမ္ဘာ့ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရန် ထိုင်းနိုင်ငံက ဒူးရင်းသီးစံချိန်စံညွှန်းများ တင်းကျပ်



ကမ္ဘာလုံးဆိုင်ရာ စားသုံးသူများ၏ ယုံကြည်မှုကို ရရှိစေရန်နှင့် ကမ္ဘာ့ထိပ်တန်း ဒူးရင်းသီးတင်ပို့သည့် နိုင်ငံအဖြစ်ရပ်တည်မှုကို ခိုင်မာစေရန်အတွက် ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ပြည်တွင်းဒူးရင်းသီးအရည်အသွေးစံနှုန်းများမြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း ဒုတိယအစိုးရပြောရေးဆိုခွင့်ရှိသူ Patdarasm Thongsaluaykorn က မေလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများအားလုံးကို "အချက် ၄ ချက်" စည်းမျဉ်းအား အပြည့်အဝလိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း၊ ၎င်းစည်းမျဉ်းတွင် မမှည့်သေးသောဒူးရင်းသီးများ ရောင်းချခြင်း၊ ပိုးမွှားဒဏ်သင့်နေသော ထွက်ကုန်များ၊ မူရင်းဒေသလက်မှတ် အတုပြုလုပ်ထားသော ထွက်ကုန်များနှင့် ဓာတုဓာတ်ကြွင်းများပါဝင်သည့် အသီးအနှံများ ရောင်းချခြင်းတို့ကို တားမြစ်ထားကြောင်း Patdarasm က ပြောကြားခဲ့ကြောင်း သိရသည်။

အာဏာပိုင်များသည် စိုက်ပျိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ထုတ်လုပ်မှုကွင်း ဆက်တစ်ခုလုံးတွင် အရည်အသွေးစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။

အဓိကလုပ်ဆောင်ချက်များတွင် မရိတ်သိမ်းမီ အသီးရင့်မှည့်မှုကို စစ်ဆေးခြင်း၊ ဒေသအလိုက် ပိုးမွှားထိန်းချုပ်ခြင်း၊ စိုက်ခင်းမှ စားပွဲတင်အထိ ခြေရာခံနိုင်သည့် စနစ်ကို ကျင့်သုံးခြင်းနှင့် မတင်ပို့မီ ဓာတုဓာတ်ကြွင်းများကို ကျပန်းစစ်ဆေးခြင်းတို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ထွက်ရှိမှုအများဆုံးကာလအတွင်း ကုန်စည်များအဆင်ပြေချောမွေ့စွာလည်ပတ်နိုင်စေရန်၊လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချရန်နှင့် ကုန်စည်ပို့ဆောင်မှုကို မြန်ဆန်စေရန်အတွက် ၂၄ နာရီပတ်လုံး သယ်ယူပို့ဆောင်ရေးနှင့် ပို့ကုန်ပံ့ပိုးမှု ဝန်ဆောင်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့ တင်းကျပ်သော အရည်အသွေးအာမခံချက် ယန္တရားများကြောင့် ၂၀၂၆ ခုနှစ်တွင် နိုင်ငံ၏ ဒူးရင်းသီး ပို့ကုန်ဝင်ငွေသည် ဘတ် ၁၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ၅၇ ဘီလီယံခန့်) အထက်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**Source: The Star.com**

**DOCA (ရန်ကုန်)**

## အီးယူသို့ နဂါးမောက်သီးတင်ပို့မှု ဆက်လက်ထိန်းသိမ်းနိုင်ရန် ဗီယက်နမ် ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်



ဥရောပသမဂ္ဂ (EU) က ပိုမိုတင်းကျပ်လာသည့် အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ပိုးသတ်ဆေးကြွင်းကျန်မှုဆိုင်ရာ စည်းမျဉ်းများ ချမှတ်လာသည့်ကြားမှ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ နဂါးမောက်သီး တင်ပို့မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အစီအမံများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယဝန်ကြီး Dang Ngoc Diep က ဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာအာဏာပိုင်များနှင့် အထူးကုအေဂျင်စီများကို စည်းမျဉ်းသစ်

များ၏သက်ရောက်မှုကိုအကဲဖြတ်ရန်နှင့် အီးယူအာဏာပိုင်များနှင့်ဆွေးနွေးနိုင်ရေးအတွက်ပြဿနာရပ်များကို ပြန်လည်သုံးသပ်ရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများအနေဖြင့် စည်းမျဉ်းသစ်များကို သိရှိနားလည်စေရန်နှင့် ထုတ်လုပ်မှုမှ တင်ပို့မှုကွင်းဆက်တစ်ခုလုံးတွင် လိုက်နာဆောင်ရွက်နိုင်စေရန် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

ဗီယက်နမ်အာဏာပိုင်များ၏ ပြောကြားချက်အရ စစ်ဆေးမှုများတိုးမြှင့်ခြင်း၊ နောက်ကြောင်းပြန်ခြေရာခံမှု စနစ်များ ကျင့်သုံးခြင်းနှင့်ပြုပြင်တည့်မတ်သည့် လုပ်ဆောင်ချက်များကြောင့် အီးယူမှထုတ်ပြန်သည့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာသတိပေးချက်များသည် ၂၀၂၄ ခုနှစ်တွင် အမှုပေါင်း ၆၄ ခု ရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်တွင် ၁၇ ခုအထိ သိသိသာသာ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

မှတ်သားဖွယ်ရာအချက်အနေဖြင့် ပြီးခဲ့သည့် ဇွန်လအတွင်း အီးယူ၏ ကျန်းမာရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေး ညွှန်ကြားမှုဦးစီးဌာနမှ လာရောက်စစ်ဆေးရာတွင် ဗီယက်နမ်၏ ငရုတ်သီး၊ နဂါးမောက်သီးနှင့် ဒူးရင်းသီး တင်ပို့မှုများအပေါ် အပြုသဘောဆောင်သည့် အကဲဖြတ်မှုများရရှိခဲ့ပြီး၊ ၎င်းသည် နောင်တွင် စစ်ဆေးမှုအကြိမ်ရေ လျှော့ချနိုင်ရေးအတွက် ညှိနှိုင်းရာတွင် အခြေခံကောင်းတစ်ခု ဖြစ်လာစေကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့်သစ်ပင်ပန်းမန်ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး Huynh Tan Dat က ဗီယက်နမ်သည် အီးယူ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် ဓာတုပစ္စည်းများအပေါ် မှီခိုမှုကိုလျှော့ချကာ ဇီဝနည်းပညာသုံးအပင်ကာကွယ်ရေးနည်းလမ်းများကို တိုးမြှင့်အသုံးပြုပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးပုံစံများကို မြှင့်တင်နေကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ထုတ်လုပ်မှုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် နိုင်ငံတကာလိုအပ်ချက်များနှင့် ကိုက်ညီစေရန် စစ်ဆေးမှုများနှင့် စည်းကမ်းဖောက်ဖျက်မှုများကို တင်းကျပ်စွာ အရေးယူခြင်းများကိုလည်း အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အီးယူ၏ တင်းကျပ်သော လိုအပ်ချက်များသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ဗီယက်နမ် စိုက်ပျိုးရေးကဏ္ဍအတွက် ထုတ်ကုန်အရည်အသွေး၊ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့မှုကိုမြှင့်တင်ရန် အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတကာဈေးကွက်တွင် ဗီယက်နမ်လယ်ယာထွက်ကုန်များ၏အနေအထားကိုခိုင်မာစေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး Diep က ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Vnexpress**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (22.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st May, 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 74,996 (Shares) | 351,307,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,000 | +500 | +3.45% | 14,500 | 15,000 | 14,500 | 1,267 | 18,469,000 | 33,109,694 | 496,645 |
| MTSH | 00002 | 6,900 | +200 | +2.99% | 6,700 | 6,900 | 6,700 | 6,080 | 41,097,000 | 38,929,150 | 268,611 |
| MCB | 00003 | 9,700 | +100 | +1.04% | 9,700 | 9,700 | 9,700 | 17 | 164,900 | 10,400,986 | 100,890 |
| FPB | 00004 | 4,800 | +300 | +6.67% | 4,700 | 4,800 | 4,700 | 7,211 | 34,151,700 | 31,144,738 | 149,495 |
| TMH | 00005 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 12 | 38,450 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 8,605 | 15,058,750 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,800 | 3,950 | 3,800 | 703 | 2,701,850 | 10,497,598 | 41,466 |
| MAEX | 00008 | 4,300 | +0 | +0.00% | 4,200 | 4,300 | 4,200 | 1,101 | 4,626,200 | 23,804,946 | 102,361 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 21st May, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 651.65 | +18.92 | +2.99% | 630.92 | 651.65 | 630.92 | 24,996 | 116,307,850 | 8 | 1,236,104 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 22nd May, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,421 (Shares) | 34,175,900 (MMK) |

| MYANPIX | 657.58 ▲ 5.93 |
|---|---|
| Total Volume (shares) | 6,421 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,247,347 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,000 | ▲ 0 |
| MTSH | 00002 | 7,000 | ▲ 100 |
| MCB | 00003 | 9,700 | ▲ 0 |
| FPB | 00004 | 4,900 | ▲ 100 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,900 | ▼ 50 |
| MAEX | 00008 | 4,500 | ▲ 200 |

TIR